ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

<u>အမိန့်ကြော်ငြာစာ</u>

အမှတ်၊ ၁၁၅ / ၂၀၁၇
၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ လ ၂၁ ရက်)

အကြောင်းအရာ။ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခဲ့သည့် ရွှေစင်ရွှေတုံး၏အဓိပ္ပာယ် သတ်မှတ်ချက် ထုတ်ပြန်ခြင်း

၁။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့၌ ရွှေစင်ရွှေတုံး ကုန်စည်အပေါ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းကို ကင်းလွတ်ခွင့်ပြုကြောင်း အတည်ပြုခဲ့ပါသည်။

၂။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ ပုဒ်မ ၉ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရွှေစင်ရွှေတုံး၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

> " ရွှေစင်ရွှေတုံး ဆိုသည်မှာ ရွှေသန့်စင်မှု ၉၉.၉ ရာခိုင်နှုန်းမှ ၉၉.၉၉ ရာခိုင်နှုန်းအထိ ပါဝင်ပြီး အပြည်ပြည်ဆိုင်ရာအပေးအယူ ပြုလုပ်မှု၌ သတ်မှတ်အသုံးပြုသည့် သိပ်သည်းဆ ၁၉.၂၅ နှင့်အထက်ရှိသော ၁၆ ပဲရည် (၂၄ ကာရက်) ရှိ စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးကို ဆိုသည်။ "

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

--------------------------ooo-------------------------

စာအမှတ်၊ စဘ / ဘဏ္ဍာ- ၁ /၃ / ၁ (၈၆၆ / ၂၀၁၇)
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ လ ၂၁ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည် သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ ဌာနအဖွဲ့အစည်းများအားလုံး

ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} ( မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းပေးနိုင်ပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလုပ်ငန်း
ရှင်များအသင်းချုပ်(UMFCCI)
} ( ညီနောင်အသင်းများအား ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

(signature) 21/12/2017

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(ထွန်းထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန်)